**Message Five**

# ဘုရားသခင်၏ နက်နဲခြင်းဖြစ်သည့် အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်ကို သိကျွမ်းခြင်းနှင့် တွေ့ကြုံခံစားခြင်း

## Knowing and Experiencing the All-inclusive, Extensive Christ as the Mystery of God

ဖတ်ရန်ကျမ်း။ ကော၊ ၂း ၂–၃၊ ၉–၁၀။ ယော၊၁း၁၊၁၄၊၁၆။ ဧ၊၃း၈၊၁၇။

**I. အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်သည် ဘုရားသခင်၏ နက်နဲခြင်း ဖြစ်သည် – ကော၊ ၂း ၂။**

က။ ဘုရားသခင်ကိုယ်တော်တိုင်သည် နက်နဲခြင်းဖြစ်တော်မူ၍၊ ခရစ်တော်သည် ဤနက်နဲခြင်း၏ နက်နဲခြင်းဖြစ်တော်မူသည်။

ခ။ ဘုရားသခင်၏ နက်နဲခြင်းမှာ နားမလည်နိုင်သော၊ ရှင်းပြ၍မရနိုင်သော တစ်စုံတစ်ရာကို ရည်ညွှန်းခြင်းဖြစ်သည်။

ဂ။ ဘုရားသခင်၏ နက်နဲခြင်းအနေဖြင့် အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်–ဘုရားသခင်၏ အဓိပ္ပာယ်၊ ရှင်းလင်းပြခြင်းနှင့် ထင်ရှားခြင်း ဖြစ်သည် – ယော ၁း၁၊ ၁၄။

ဃ။ ဘုရားသခင်၏ နက်နဲခြင်းအဖြစ် ခရစ်တော်သည် ဘုရားသခင်၏ သမိုင်းဖြစ်သည်။ ဘုရားသခင်၏ "ဝတ္ထု"တစ်ခုလုံးသည် ခရစ်တော်၌ဖြစ်၍၊ ခရစ်တော်ဖြစ်သည် – ကော၊ ၂း ၂။

၁။ ဘုရားသခင်သည် အနန္တနှင့် ထာဝရ၊ အစမရှိ သို့မဟုတ် အဆုံးမရှိသော်လည်း၊ ကိုယ်တော်သည်လည်း သမိုင်းကြောင်း၊ ဝတ္ထု ရှိသည် – ရော၊၁၆း၂၆။ ဆာလံ၊၉၀း၂။

၂။ အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော် – ဘုရားသခင်၏ နက်နဲခြင်း၊ ဘုရားသခင်၏ လျှို့ဝှက်နက်နဲသော ဝတ္ထု–သည် ဘုရားသခင်၏ သမိုင်းဖြစ်သည်။

၃။ ဘုရားသခင်၏ သမိုင်းဆိုသည်မှာ ခရစ်တော်၌ ကိုယ်တော်ဖြတ်ကျော်ခဲ့သည့် ဖြစ်စဉ်ကို ရည်ညွှန်းသည်။ သို့မှ ကိုယ်တော်သည် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်နိုင်မည်၊ ကျွန်ုပ်တို့သည်လည်း ကိုယ်တော့်အထဲသို့ ခေါ်ဆောင်ခံရမည်။ ဤဖြစ်စဉ်တွင် လူ့ဇာတိခံခြင်း၊ လူသားအသက်ရှင်ခြင်း၊ ကားတိုင်ပေါ် အသေသတ်ခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ တက်ကြွခြင်း၊ ဘုန်းဝင်စားခြင်းနှင့် ချီးမြှောက်ခြင်းတို့ ပါဝင်သည် – ယော၊၁း၁၂–၁၄၊ ၂၉။ ၃း၁၄။၁၂း၂၄။ ၁၄း၂၀။

င။ ဘုရားသခင်၏ နက်နဲခြင်းဖြစ်သည့် အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သော ခရစ်တော်၌ ဉာဏ်ဘဏ္ဍာ၊ ပညာဘဏ္ဍာရှိသမျှတို့သည် ဝှက်ထားလျက်ရှိ၏ – ကော၊ ၂း၃။

၁။ ဉာဏ်ပညာသည် ကျွန်ုပ်တို့၏ ဝိညာဉ်နှင့် ဆက်နွှယ်ပြီး၊ အသိပညာသည် ကျွန်ုပ်တို့၏ အသိဉာဏ်နှင့် ဆက်နွှယ်သည် –ဧ၊ ၁း၈၊ ၁၇။

၂။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဉာဏ်ပညာနှင့် အသိပညာ၏ အတုမရှိသော အရင်းအမြစ်ဖြစ်သည်– ရော၊၁၆း၂၇။ ၁၁း၃၃။

၃။ ဤသည်မှာ ခရစ်တော်နှင့် အသင်းတော်နှင့် စပ်လျဉ်းသော ဘုရားဆိုင်ရာ စီမံကိန်း၏ ဝိညာဉ်ဆိုင်ရာ ဉာဏ်ပညာနှင့် အသိပညာ ဖြစ်သည် – ဧ၊၁း၁၀။ ၃း၉။ ၅း၃၂။

၄။ ဉာဏ်ပညာနှင့် အသိပညာသည်လည်း ဘုရားသခင်၏ ဝတ္ထုများအားလုံးကို ရည်ညွှန်းသည်။

၅။ ဘုရားသခင်၏ ဝတ္ထုများနှင့် နှီးနွှယ်သော ဉာဏ်ပညာနှင့် အသိပညာများအားလုံးတို့သည် ဘုရားသခင်၏ နက်နဲခြင်းဖြစ်သောသူ၊ ခရစ်တော်၌ ဝှက်ထားလျက်ရှိသည်– ကော၊ ၂း ၂–၃။

**II. ဘုရားသခင်၏ နက်နဲခြင်းအဖြစ် ခရစ်တော်သည် ဘုရားဇာတိအဖြစ်တော်၏ ပြည့်ဝပြည့်စုံခြင်းအပေါင်း၏ ကိုယ်ထင်ရှားခြင်း ဖြစ်သည် – အငယ်၊ ၉။**

က။ *ဘုရားဇာတိအဖြစ်တော်၏ ပြည့်ဝပြည့်စုံခြင်းအပေါင်း*ဆိုသည်မှာ ဘုရားသခင်ဇာတိအဖြစ်တော်တစ်ခုလုံး၊ ပြည့်စုံသော ဘုရားသခင် ဖြစ်သည်– အငယ်၊ ၉။

၁။ *ဘုရားဇာတိ* ဟူသောစကားလုံးမှာ ဘုရားဖြစ်ခြင်းကို ရည်ညွှန်းပြီး၊ ခရစ်တော်၏ ဘုရားဖြစ်ခြင်းကို လေးနက် ခိုင်မာစွာ ဖော်ပြထားခြင်းဖြစ်သည်။

၂။ ဘုရားဇာတိအဖြစ်တော်တွင် ခမည်းတော်၊ သားတော်၊ ဝိညာဉ်တော်တို့ ဖွဲ့စည်းပါဝင်ပြီး၊ ဘုရားဇာတိအဖြစ်တော်၏ ပြည့်ဝပြည့်စုံခြင်းအပေါင်းသည် ထိုခမည်းတော်၊ ထိုသားတော်နှင့် ထိုဝိညာဉ်တော်တို့၏ ပြည့်ဝပြည့် စုံခြင်း ဖြစ်ရမည်– မ၊ ၂၈း၁၉။ ၂ကော၊ ၁၃း၁၄။

၃။ ခရစ်တော်သည် ဘုရားဇာတိအဖြစ်တော်၏ ပြည့်ဝပြည့်စုံခြင်းအပေါင်း၏ ကိုယ်ထင်ရှားခြင်းဖြစ်ရန် ဆိုသည်မှာ

သုံးပါးတစ်ပါးဘုရား၏ ပြည့်ဝပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှားသောသွင်ပြင်၌ ကိန်းဝပ်တော်မူသည်ကို ရည်ညွှန်းခြင်းဖြစ်သည်– ကော၊ ၂း၉။

(က) ဤသည်မှာ ကိုယ်တော်၏ လူသားဇာတိ၌ခရစ်တော်ယူတင်ဝတ်ဆောင်ခဲ့သော ရုပ်ပိုင်းဆိုင်ရာကိုယ်ခန္ဓာကို ညွှန်ပြပြီး၊ ၎င်းသည် ဘုရားသခင်၏ ပြည့်ဝပြည့်စုံခြင်းအပေါင်းသည် လူသားခန္ဓာရှိသောအရှင်တည်းဟူသော ခရစ်တော်၌ ကိန်းဝပ်တော်မူသည် – ယော၊၁း၁၄။ ရော၊ ဂး၃။ ဟေဗြဲ၊ ၂း၁၄။

(ခ) ကိုယ်တော်၏ လူ့ဇာတိခံခြင်းမတိုင်မီ ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်ဝပြည့်စုံခြင်းအပေါင်းသည် ထာဝရနှုတ်ကပတ်တော်အဖြစ် ခရစ်တော်၌ ကိန်းဝပ်တော်မူသော်လည်း၊ ၎င်းသည် ကိုယ်တော်၌ ကိုယ်ထင်ရှားစွာ ကိန်းဝပ်ခြင်းမရှိခဲ့ပါ– ယော၊၁း၁။

(ဂ) ကိုယ်တော် လူ့ဇာတိခံပြီး၊ လူသားကိုယ်ခန္ဓာကို ဝတ်ဆင်ပြီးနောက် ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်ဝပြည့်စုံခြင်းအပေါင်းသည် ကိုယ်ထင်ရှားခြင်းနည်းလမ်းဖြင့် စတင်ကိန်းဝပ်ခဲ့ကာ၊ ကိုယ်တော်၏ ဘုန်းထင်ရှားသော ကိုယ်ခန္ဓာ (ဖိ၊ ၃း ၂၁)၌ ယခုမှစ၍ ထာဝရတိုင်အောင် ကိန်းဝပ်တော်မူလိမ့်မည်ဖြစ်သည်။

ခ။ ကောလောသဲ၊ ၂း၉၌ရှိသော *ပြည့်ဝပြည့်စုံခြင်း*မှာ ဘုရားသခင်၏ ကြွယ်ဝခြင်းများကို ရည်ညွှန်းခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏ ကြွယ်ဝခြင်းများ၏ ထင်ရှားခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။

၁။ ကြွယ်ဝခြင်းများသည် ပစ္စည်းတစ်ခု၏ အရေအတွက်ဖြစ်၍၊ ပြည့်ဝပြည့်စုံခြင်းမှာမူ ထိုပစ္စည်း၏ စီးထွက်ခြင်း၊ လျှံထွက်စီးဆင်းခြင်းသည် ထိုပစ္စည်း၏ ထင်ရှားခြင်းဖြစ်သည်။

၂။ ခရစ်တော်၌ ကိန်းဝပ်သောအရာသည် ဘုရားဇာတိအဖြစ်တော်၏ ကြွယ်ဝခြင်းများသာမဟုတ်ဘဲ၊ ဘုရားသခင်ဖြစ်သောအရာ၏ ကြွယ်ဝခြင်းများ၏ ထင်ရှားခြင်းလည်း ဖြစ်သည်။

(က) ဘုရားသခင်၏ ပြည့်ဝပြည့်စုံခြင်းသည် ကိုယ်တော်၏ ကြွယ်ဝခြင်းများ၏ လျှံထွက်စီးဆင်းခြင်းဖြစ်သည်၊ ဤလျှံထွက်စီး ဆင်းခြင်းမှာ ဘုရားသခင်၏ ထင်ရှားခြင်းဖြစ်သည်။

(ခ) ဘုရားသခင်၏ ပြည့်ဝပြည့်စုံခြင်းသည် ဘုရားဇာတိအဖြစ်တော်၏ ထင်ရှားခြင်း၊ ဘုရားသခင်ဖြစ်တော်မူသောအရာ၏ ထင်ရှားခြင်းဖြစ်သည် – အငယ်၊ ၉။

၃။ ဘုရားဇာတိအဖြစ်တော်သည် ဖန်ဆင်းခြင်းအဟောင်း၊ စကြဝဠာနှင့် ဖန်ဆင်းခြင်းအသစ်၊ အသင်းတော် နှစ်ခုလုံးတွင် ထင်ရှားတော်မူသည် – ၁း၁၅၊ ၁၈။

ဂ။ ဘုရားသခင်၏ သားတော်သည် လူတစ်ဦးအဖြစ် လူ့ဇာတိခံလာသောအခါ၊ ကိုယ်တော်နှင့် ဘုရားသခင်၏ ပြည့်ဝပြည့်စုံခြင်းရှိပြီး၊ ဤပြည့်ဝပြည့်စုံခြင်းကို ကျွန်ုပ်တို့အားလုံး လက်ခံရရှိခြင်းဖြစ်သည် – ယော၊ ၁း၁၄၊ ၁၆။

၁။ ယော၊ ၁း၁၆ ရှိ *ကျေးဇူးတော်*ဆိုသည်မှာ ကျေးဇူးတော်ကြွယ်ဝခြင်းကို ရည်ညွှန်းခြင်းမဟုတ်ဘဲ၊ ကျေးဇူးတော်၏ ပြည့်ဝပြည့်စုံခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ ကျေးဇူးတော်ကြွယ်ဝခြင်းများသည် ဘုရားသခင်၌ဖြစ်၍၊ ကျေးဇူးတော်၏ ပြည့်ဝပြည့်စုံခြင်းသည် ခရစ်တော်ယေရှု၌ဖြစ်သည် – ကော၊ ၂း၉။

၂။ ကျွန်ုပ်တို့ လက်ခံရရှိသည့် ကျေးဇူးတော်သည် ကျေးဇူးတော်၏ ပြည့်ဝပြည့်စုံခြင်းဖြစ်သည်။ ကျွန်ုပ်တို့ ကယ်တင်ခြင်းခံရသည့် အချိန်မှစ၍ ကျွန်ုပ်တို့သည် ကျေးဇူးတစ်ပါး၌ ထပ်ဆင့်၍ ကျေးဇူးတစ်ပါးကို လက်ခံရရှိသည်။

၃။ ယော၊ ၁း၁၆ ရှိ *ကျေးဇူးတစ်ပါး၌ ထပ်ဆင့်၍ ကျေးဇူးတစ်ပါး*ဆိုသော ပုဒ်စုကို ပင်လယ်ရေလှိုင်းသည် မရပ်မနားဘဲ လှိုင်းတစ်ခုပြီးနောက်တစ်ခုလာခြင်းဖြင့် နှိုင်းယှဉ်နိုင်သည်။

## III. ခရစ်တော်၌ ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သည် ဘုရားဇာတိအဖြစ်တော်၏ ပြည့်ဝပြည့်စုံခြင်းအပေါင်း ကိုယ်ထင်ရှားစွာ ကိန်းဝပ်နေသည့် ခရစ်တော်၌ ပြည့်ဝစုံလင်စေခြင်းခံရသည် – ကော၊ ၂း၉၊ ၁၀။

က။ အငယ်၊ ၁၀ ရှိ ပြည့်စုံခြင်းဟု ဘာသာပြန်ဆိုထားသော ဂရိစကားမှာ ပြည့်စုံခြင်းနှင့် စုံလင်ခြင်းဟု အဓိပ္ပာယ်ရသည်။

ခ။ ဘုရားဇာတိအဖြစ်တော်၏ ပြည့်ဝပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ကိန်းဝပ်တော်မူသောကြောင့်၊ ကျွန်ုပ်တို့သည် ကိုယ်တော်အထဲသို့ ထည့်သွင်းခြင်းခံရပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်၌ ပြည့်စုံခြင်းခံရကာ၊ ဘုရားဆိုင်ရာ ကြွယ်ဝခြင်းများအားလုံးနှင့် ဖြည့်ခြင်းခံရသည် – ၁ကော၊၁း၃၀။ ၆၊ ၃း၈။

၁။ ခရစ်တော်၌ ယုံကြည်သောသူ အပေါင်းတို့သည် ခရစ်တော်အထဲသို့ထည့်သွင်းခံရသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် ထပ်တူဖြစ်ကာ၊ ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်သည် – ဂလ၊ ၃း၂၇။ ၂ကော၊ ၅း၁၇။

၂။ ယုံကြည်သူများဖြစ်ကြသောကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သော၊ ကျယ်ပြန့်သောခရစ်တော်အထဲသို့ ထည့်သွင်းခံရပြီး၊ ကိုယ်တော်နှင့် ထပ်တူဖြစ်ကာ၊ ကျွန်ုပ်တို့၏ ခင်ပွန်းအဖြစ် ကိုယ်တော်နှင့် ပေါင်းစည်းဆက်နွယ်ခဲ့ပြီ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်သည်– ကော၊၁း၂၈။ ရော၊ ၇း ၂–၄။ ၁ကော၊ ၆း၁၇။

၃။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့် တစ်လုံးတစ်ဝဖြစ်သည့်အတွက်ကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော် ပြည့်စုံစေခဲ့သော၊

ရရှိအောင်မြင်ခဲ့သော၊ ရယူနိုင်ခဲ့သောအရာအားလုံးကို ပါဝင်ဆက်ဆံနိုင်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်တွေ့ကြုံခဲ့သော အရာများအားလုံးနှင့် ဖြတ်ကျော်ခဲ့သောအရာများအားလုံးကို အမွေခံရပြီး၊ ကိုယ်တော်ဖြစ်သည့်အရာ၊ ရှိသည့်အရာ အားလုံးကို လက်ခံရရှိသည်။

၄။ ကိုယ်တော်ဖြတ်ကျော်ခဲ့သည့်အရာအားလုံးတို့မှာ ယခု ကျွန်ုပ်တို့၏ သမိုင်းဖြစ်၍၊ ကိုယ်တော်ရရှိခဲ့သော၊ ရယူခဲ့သောအရာ အားလုံးတို့မှာ ကျွန်ုပ်တို့၏ အမွေဖြစ်သည်။

၅။ ထွက်ပေါ်လာသောရလဒ်မှာ ကိုယ်တော်ဖြစ်သောအရာအားလုံးနှင့် ကိုယ်တော်ရှိသောအရာအားလုံးတို့သည် ကျွန်ုပ်တို့ ပိုင်ဆိုင်သောအရာဖြစ်၍၊ ကိုယ်တော် တွေ့ကြုံခံစားခဲ့ရသောအရာ အားလုံးတို့သည် ကျွန်ုပ်တို့၏ သမိုင်းဖြစ်လာသည် – ကော၊ ၂း၁၁–၁၃။ ၃း၁။

ဂ။ ခရစ်တော်၌ ကျွန်ုပ်တို့ အဘယ်အရာရှိသည်ကို ကျွန်ုပ်တို့သည် အပြည့်အဝ သိနားလည်ထားရန်လိုအပ်ပြီး၊ ခရစ်တော်၌ ကျွန်ုပ်တို့၏ အရာအားလုံးကို ပါဝင်ဆက်ဆံရန် ယုံကြည်ခြင်းကို လေ့ကျင့်ရမည် – ဧ၊ ၃း၁၇။

ဃ။ ဤပြည့်ဝပြည့်စုံခြင်းသည် အရာအားလုံးပါဝင်သောကြောင့် ၎င်းသည် ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်းကိုပြီးမြောက်စေသည်၊ ၎င်းသည် ကျွန်ုပ်တို့အား ပြည့်ဝစွာ ကျေနပ်နှစ်သိမ့်ခြင်းနှင့် ထောက်ပံ့မစပေးသည်၊ ၎င်းသည် ကျွန်ုပ်တို့ကို ပြည့်ဝသော၊ စုံလင်သော၊ ပြည့်စုံခြင်းရှိစေသည် – ကော၊ ၂း၉။

င။ ကျွန်ုပ်တို့၌ အရာအားလုံးပါဝင်သော၊ ခရစ်တော်၌ကိုယ်ထင်ရှားစွာ ကိန်းဝပ်သော စစ်၍မကုန်ခမ်းနိုင်သောပြည့်ဝပြည့်စုံခြင်း ရှိပြီး၊ ကိုယ်တော်၌ ကျွန်ုပ်တို့သည် ပြည့်စုံစေခြင်းခံရသည် –ဧ၊ ၃း၈။ ကော၊ ၂း၉–၁၀။

© 2019 Living Stream Ministry